Health Digest, 27 April 2005

# ကလေးသူငယ်များဆိုင်ရာ
# မီဒီယာအလုပ်ရုံဆွေးနွေးပွဲ




ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ **UNICEF** နှင့်ပြည်ထောင်စုမြန်မာနိုင်ငံတော် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ မွေးကင်းစကလေးများ၊ ကလေးသူငယ်များနှင့်မိသားစုများအတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုနှင့် မီဒီယာဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို၊ရန်ကုန်မြို့ အလုံလမ်းရှိ **Summit Parkview** ဟိုတယ်၌ ၄.၄.၀၅ ရက်နေ့မှ ၈.၄.၀၅ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါတယ်။ဆွေးနွေးပွဲကာလအတွင်းတွင် တက်ရောက်သူများသည်၊ အုပ်စု(၆)စုခွဲ၍ ကလေးသူငယ်ရှေးဦးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သဘောတရားများကို လေ့လာခဲ့ကြပြီး၊ ကလေးများအတွက်မီဒီယာဖန်တီးမှုများကို ကိုယ်ပိုင်ပုံစံမျိုးစုံနှင့် ပြုလုပ်ခဲ့ကြပါတယ်။ ၈.၄.၀၅ ရက်နေ့တွင် အုပ်စုအသီးသီးမှ ဖန်တီးထားပုံများကို စာနယ်ဇင်းသမားများနှင့် ဧည့်သည်တော်များအား ဖိတ်ကြား၍ ပြသခဲ့ပါတယ်။ အုပ်စု(၁)မှ "ရွှေမိရဲ့တစ်နေ့တာ" နှင့် "သားသားရေချိုးပြီ" ရုပ်ပြစာအုပ်(၂)အုပ်ကိုလည်းကောင်း၊ အုပ်စု(၂)မှ "မီးမီးကလေးဖိမ်ကျအောင် ဖေဖေကြီးကအကျိုးဆောင်" နှင့် "ဖူးပွင့်သစ်စ ရောင်စုံပန်းကလေးများ" ရုပ်ပြစာအုပ်(၂)အုပ်ကိုလည်းကောင်း၊ အုပ်စု(၃)မှ "တို့လည်းလုပ်နိုင်တယ်" ခေါင်းစဉ်ဖြင့် ပိုစတာများကိုလည်းကောင်း၊ အုပ်စု (၄)မှ ဓာတ်ပုံပိုစတာနှင့် ပန်းချီပိုစတာ(၈)ခုကိုလည်းကောင်း၊ အုပ်စု(၅)မှရေဒီယို **Spot** (၂)ခုနှင့်အုဝဲသီချင်းကိုလည်းကောင်း၊ အုပ်စု(၆)မှ **TV Spot** (၂)ခုကိုလည်းကောင်း အသီးသီးတင်ဆက်ပြသခဲ့ကြပါတယ်။ အလုပ်ရုံဆွေးနွေးပွဲတွင် ကလေးသူငယ် ရှေးဦးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကဏ္ဍတွင်ထင်ရှားသူ နိုင်ငံတကာကျွမ်းကျင်ပညာရှင် မစ္စ(စ်)ဘာဘရာကိုလပ်ကီက ဦးဆောင်၍ ဆွေးနွေးခဲ့ပါတယ်။

အလုပ်ရုံဆွေးနွေးပွဲသို့ သရုပ်ဖော်ရေးဆွဲသူများ၊ကာတွန်းဆရာများ၊ ဓာတ်ပုံဆရာများ၊ စာရေးဆရာများ၊ ရေဒီယိုနှင့်ရုပ်မြင်သံကြားပညာရှင်များ၊ ကလေးသူငယ်စောင့်ရှောက်ရေးအဖွဲ့များမှ တာဝန်ရှိသူများ၊ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုရေးဝန်ထမ်းများ၊ **UNICEF** မှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြပါတယ်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ခက်ခဲကျဉ်းကျပ်သော ဘဝအခြေအနေမျိုးမှာကျင်လည်နေကြရတဲ့ မိသားစုများနဲ့ စာရေးစာဖတ် အနည်းငယ်သာ တတ်မြောက်သော မိသားစုများကို ပညာပေးနိုင်သော ကာတွန်း၊ ပိုစတာ၊ **TV**၊ ရေဒီယိုဓာတ်လမ်းများ ဖန်တီးထုတ်လုပ်ပြသနိုင်ရန် ဖြစ်ကြောင်း မစ္စ(စ်)ကိုလပ်ကီက ပြောကြားသွားခဲ့ပါတယ်။ အိ